ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ကြံခင်းမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း(ဒုတိယနှစ်စက်ဝန်း)

# National Community Driven Development Project (NCDDP)



# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်

## Village Development Plan (VDP)

ကိုင်းသာကျေးရွာ၊ကြို့ပင်စုကျေးရွာအုပ်စု

၂၀၁၇ခုနှစ် ကြံခင်းမြို့နယ်

မာတိကာ

၁. မြို့နယ်မြေပုံ

၂.ကျေးရွာမြေပုံ (တည်နေရာ)

၃.အုပ်စုတွင်ပါဝင် သောကျေးရွာများစာရင်း

၄.ကျေးရွာအခြေခံအချက်အလက်များ

၅.လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်

(PSA/PRA)အကျဉ်းချုပ်ဇယား

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောPRA tools များနှင့်တစ်ခုချင်းစီ

အတွက်သုံးသပ်ချက်များ

၇.ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

၈.ကော်မတီဝင်များစာရင်း

၉.ကျေးရွာအချက်အလက် (ပုံစံ-၁)

၁၀.စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂)


၁၁.ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)

၁၂.ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄)


၁၃.အစည်းအဝေးမှတ်တမ်းများ

၁၄.ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

## ၁. မြို့နယ်မြေပုံ


ကြံခင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု၊ ကျေးရွာများပြမြေပုံ
N
ဧရာဝတီတိုင်းဒေသကြီး
ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်
ကွင်းအညွှန်းပြမြေပုံ
စကေး ၁ လက်မ = ၄မိုင်
ပဲ ခူး တိုင်း ဒေ သ ကြီး
အလုံချောင်း
မြောက်မြန်အောင်သစ်တောကြိုးဝိုင်း
ကွန်ချောင်းဆည်
ကွန်ချောင်း
ရေသာယာချောင်း
ဖါးတရှည်းချောင်း
ကျောက်နီချောင်း
မှုင်ဝါးတောင်သစ်တောကြိုးဝိုင်း
ပတော်ချောင်း
ကြံခင်းသစ်တောကြိုးဝိုင်း
ဧရာဝတီ မြစ်
ပတော်သစ်တော
ကြိုးဝိုင်း
ရခိုင် ပြည် နယ်
မြန် အောင် မြို့ နယ်
ညွှန်ပြချက်
ပြည်နယ်/တိုင်း/ခရိုင်ခြား
မြို့နယ်ခြား
ကျေးရွာအုပ်စုခြား
ကွင်းခြား
ကားလမ်း
ရထားလမ်း
မြစ်ချောင်း

## ၂။ကြံခင်းမြို့နယ် ကြို့ပင်စုကျေးရွာအုပ်စုပြမြေပုံ



## ၃. အုပ်စုတွင်ပါဝင်သောကျေးရွာစာရင်း

ကြို့ပင်စုကျေးရွာအုပ်စု တွင်ပါဝင်သော ကျေးရွာများစာရင်း

၁.ကိုင်းသာ ကျေးရွာ

၂. ကံရွာ ကျေးရွာ

၃. ကြို့ပင်စု ကျေးရွာ

၄. ကျောက်ပါးစပ်ကျေးရွာ

၅. ထန်းပင်ခုံကျေးရွာ

၆. လယ်ကျ ကျေးရွာ

တို့ဖြင့် ဖွဲ့စည်း ထားပါသည်။

၄။ကျေးရွာအခြေခံအချက်အလက်များ

ကိုင်းသာကျေးရွာသည်ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမြို့နယ်၊ ကြို့ပင်စုကျေးရွာအုပ်စုတွင် တည်ရှိသည်။ ကြို့ပင်စုအုပ်စုတွင် (၆)ရွာရှိရာ ကိုင်းသာကျေးရွာပါဝင်ပါသည်။ ကိုင်းသာကျေး ရွာဟု အမည်တွင်လာရခြင်းမှာ ကျေးရွာအရှေ့ဘက်တွင်ရှိသော ကိုင်းတောကြီးအားအစွဲပြု၍ ကိုင်းသာကျေးရွာဟုခေါ်တွင်ခဲ့ကြခြင်းဖြစ်သည်။ ကိုင်းသာကျေးရွာသည် (၁၁၀၆) ခုနှစ်ခန့်တွင် အိမ်ထောင်စု (၂၄)စုခန့်ဖြင့် စတင်၍ ရွာတည်ခဲ့ကြသည်။ ယခုမှတ်တမ်းကောက်ယူချိန်အထိ ကိုင်းသာကျေးရွာတွင် အိမ်ခြေ(၁၉၃)ရှိသည်။ အမျိုးသားဦး ရေမှာ (၃၁၃) ဦးရေ၊ အမျိုးသမီးဦးရေမှာ (၃၄၁) ဦးရေရှိသည်။ အမျိုးသားအိမ်ထောင်ဦးစီးမှာ (၁၆၆)၊ အမျိုးသမီးအိမ်ထောင်ဦးစီးမှာ (၂၅) ဦးဖြစ်ပါသည်။

ကိုင်းသာကျေးရွာ ရွာသူ/ရွာသားများသည် လယ်ယာလုပ်ငန်းနှင့် ရွာ၏အနောက်ဘက် အခြမ်းရှိ တောင်ကုန်းများပေါ်၌ စိုက်ခင်းများပြုလုပ်၍ အသက်မွေးဝမ်းကြောင်း ပြုလုပ်နေကြပါ သည်။ ၁၃၂၇ ခုနှစ်ခန့်တွင် သူပုန်များ ကင်းစင်ပြီး အဖြူရောင်နယ်မြေဖြစ်ခဲ့ပါသည်။ ကိုင်းသာ ကျေးရွာတွင် ဗမာလူမျိုးအများစု နေထိုင်ကြပြီး ရခိုင်လူမျိုးအနည်းစုလည်း နေထိုင်ကြသည်။ ကျေးရွာတွင်း တည်ထားကိုးကွယ်သည့် စေတီ ၊ဘုန်းကြီးကျောင်း ရှိပြီး ရွာသူ/ရွာသားအားလုံး သည် ဗုဒ္ဓဘာသာကို ကိုးကွယ်ကြပါသည်။ ကျေးရွာတွင် မူလတန်းကျောင်းရှိပါသည်။

သို့သော် ဆေးပေးခန်းမရှိသည့်အတွက် ကျန်းမာရေးပိုင်းတွင် များစွာ အခက်အခဲရှိပါသည်။လမ်းပန်းဆက်သွယ်ရေးမှာ စိုးရွားသော အခြေအနေမရှိသော်လည်း အရမ်းမကောင်းပါ။ ကျေးရွာလူထုမှာ စည်းရုံးမှု ရှိလှပါသည်။

၅။လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁။ | လူမှုနှင့်သဘာဝအရင်းမြစ်ပြမြေပုံ (Social map & Resource map) | 17-1-2017 | ရပ်မိရပ်ဖ၊ ကော်မတီဝင်များ၊ရပ်ရွာလူထုများ | 6 | 5 | 11 | -ဒေသတွင်းသဘာဝအရင်းမြစ်များ<br>-လူမှုအဆောက်အဦများ<br>-ဘာသာရေးအဆောက်အဦများ<br>-လမ်းပမ်းဆက်သွယ်ရေး |
| ၂။ | ရာသီခွင်ပြပြက္ခဒိန် (Seasional Calendar) | 17-1-2017 | ကော်မတီဝင်များ၊ရပ်ရွာလူထုများ | 7 | 5 | 12 | -ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊ လအလိုက်ဝင်ငွေများ၊ အလုပ်ကိုင်အခွင့်လမ်းများ၊ပွဲတော်များ၊ သဘာဝဘေးများ၊လယ်ယာလုပ်ငန်းနှင့်အခြားလုပ်ငန်းများ |
| ၃။ | လူမှုစီးပွားအဆင့်သက်မှတ်ခြင်း (Wealth Ranking) | 17-1-2017 | ချမ်းသာ၊ အလယ်အလတ်နွမ်းပါးအုပ်စုများ | 6 | 5 | 11 | -ကျေးရွာ လူမှုစီးပွားအုပ်စုများခွဲခြားသက်မှတ်နိုင်ရေး<br>-အဆင့်လိုက်အခြေခံ စံနှုန်းများ အများသဘောတူသက်မှတ်နိုင်ရေး<br>-ကျေးရွာ၏လူမှုစီးပွားအခြေအနေ |
| ၄။ | အဖွဲ့စည်းချိတ်ဆက်မှုပြမြေပုံ (Venn Diagram) | 17-1-2017 | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊အခြားအဖွဲ့တွင်ပါဝင်သူများ | 8 | 5 | 13 | -ကျေးရွာတွင်း ၊ပြင်ရှိအဖွဲ့အစည်းများ မည်ကဲ့သို့ ချိတ်ဆက်ဆောင်ရွက်နေပုံ။ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၅။ | ပင့်ကူအိမ်ကွန်ယက်<br>(Cobweb) | 17-1-2017 | ကျေးရွာရှိအမျိုးသားနှင့်အမျိုးသ<br>မီးများ | 5 | 5 | 10 | -နေ့စဉ်ဘဝအတွက်ဆောင်ရွက်မှုတွင် အမျိုးသားနှင့်အမျိုးသမီးတို့ပါဝင်မှုအချိုး<br>-အမျိုးသားနှင်.အမျိုးသမီးတန်းတူအခွင့်ရေး ရရှိနိုင်မှုပေါ် သုံးသက်ခြင်း |
| ၆။ | အရင်းမြစ်များ<br>အပေါ်<br>အသုံးချနိုင်မှု၊<br>လွှမ်းမိုး<br>မှုနှင့်ဆုံးဖြတ်နိုင်မှု<br>(Assent<br>Mapping) | 17-1-2017 | ကျေးရွာရှိအမျိုးသားနှင့်အမျိုးသမီးများ | 4 | 5 | 9 | -အရင်းမြစ်များပေါ် တွင် (အမျိုးသားနှင့်အမျိုးသမီးများ)အသုံးပြုနိုင်မှုနှင့်ထိန်းချုပ်မှုသည်မည်သည့်အကြောင်းကြောင့်နည်း။မည်သို့ညီမျှစွာခံစားခွင့်ရမည်နည်း။ |
| ၇။ | အခက်ခဲပြသနာ<br>(Problem) | 17-1-2017 | ကော်မတီဝင်မျ<br>ား<br>နှင့်ရပ်ရွာလူထု<br>များ | 18 | 15 | 33 | -ဒေသဖွံ့ဖြိုးရေးအတွက်အနှောင့်အယှက်အတားဆီး၊အခက်ခဲများ<br>-လိုအပ်ချက်များ |
| ၈။ | ကျေးရွာမျှော်မှန်းချ<br>က်<br>(Village Vision) | 17-1-2017 | ကော်မတီဝင်မျ<br>ား<br>နှင့်ရပ်ရွာလူထု<br>များ | 18 | 15 | 33 | -ဒေသဖွံ့ဖြိုးရေးအတွက်ဘာတွေကိုမျှော်မှန်းထားသလဲ<br>-ဘာကြောင့်မျှော်မှန်းထားမှု |
| ၁၀ | ကျေးရွာ<br>ဦးစားပေး<br>လုပ်ငန်း | 17-1-2017 | ကော်မတီဂင်မျ<br>ား၊<br>ရပ်ရွာလူထုများ၊<br>တက်ရောက်သူ<br>အားလုံး | | | | အကျိုးပြုဦးရေအကျိုးခံစားခွင့်<br>လိုအပ်ချက် အဆင့်သတ်မှတ်ခြင်း |

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA TOOL များနှင့်တစ်ခုချင်းစီအတွက် သုံးသပ်ချက်

(က) လူမှုအရင်းအမြစ်ပြမြေပုံနှင့် သုံးသပ်ချက်





<u>လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ</u>

## လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ (ဆွေးနွေးချက်နှင့်ဆန်းစစ်ချက်)

- လယ်ယာ၊ သစ်တော၊ တောတောင်များကိုမှီခိုပြီးအသက်မွေးဝမ်းကြောင်းပြုကြသည်။ အဓိက စီးပွားရေးလုပ်ငန်းမှာ လယ်ယာလုပ်ငန်းဖြစ်သည်။
- စိုက်ပျိုးရေးမြေယာပိုင်ဆိုင်မှုဦးရေနည်းပါးပြီး အများစုမှာကျပန်းလုပ်သားများ၊ နေ့စား လုပ်သားများ ဖြစ်ကြသည်။
- ကျေးရွာသူ၊ကျေးရွာသားအားလုံးမှာ ဗမာလူမျိုးအများစုဖြစ်ပြီး ရခိုင်လူမျိုးအနည်းစု ရှိသည်။
- ကြို့ပင်စုအုပ်စုတွင် ကျန်ရွာများမှာ တစ်ဆက်တည်းရှိပြီး ကိုင်းသာရွာမှာ သီးသန့်ဖြစ်နေပါသည်။ ကျေးရွာတွင် စေတီဘုန်းကြီးကျောင်း တို့ရှိသည်။ အခြားအခြေခံအဆောက်အဦများ လိုအပ်နေသေးပါသည်။
- ဖားတရှဉ်းချောင်း၏ဘေးတွင် ကပ်လျက်ရှိပြီး နစ်စဉ်ရေတိုက်စားမှု ဒဏ်ကို ခံနေရကာ အချို့အိမ်များ နေရာပြောင်းရွှေ့ရသည့်အထိ ရှိပါသည်။
- ရွာအဝင် လမ်းဘေးတောင်ပေါ်တွင် တူစက်ရုံနှင့် ယမ်းများသိုလှောင်ထားသော ယမ်းတိုက်ရှိပါသည်။
- စာကြည့်တိုက်၊ ဆေးပေးခန်း၊ အစည်းအဝေးခန်းမ အစရှိသော အခြေခံအဆောက်အဦများ လိုအပ်နေပါသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA TOOL များနှင့်တစ်ခုချင်းစီအတွက် သုံးသပ်ချက်

(ခ) <u>လူမှုစီးပွားအဆင့်သတ်မှတ်ခြင်းနှင့် သုံးသပ်ချက်</u>





လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း

ဥစ္စာခနဲကြွယ်ဝမှုဇယား (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)

- ကျေးရွာတွင် ( က၊ ခ၊ ဂ၊ ဃ ) အဆင့်( ၄ ) ဆင့်သတ်မှတ်ပြီးရေးဆွဲခဲ့သည်။ (က)အဆင့် အိမ်ထောင်စုများသည် ချမ်းသာ၊ (ခ)အဆင့် အိမ်ထောင်စုများသည် အသင့်အတင့်၊ (ဂ)အဆင့် အိမ်ထောင်စုများသည် နွမ်းပါး၊ (ဃ)အဆင့် အိမ်ထောင်စုများသည် အလွန်နွမ်းပါးဟူ၍ သတ်မှတ်သည်။
- အလွန်နွမ်းပါးအုပ်စုတွင် အိမ်ထောင်စု(၆၄) ပါဝင်သည်။
- အဆင့်များကို သတ်မှတ်ရာတွင် အဆင့်(က)အတွက် ကား၁ စီး၊ လယ်၆ဧက ၊ ခြွေလှေ့စက် ၊ တိုက်အိမ်၊ ဟာလာစက်၊ လယ်ထွန်စက်အသေး၊ နွားလေးကောင်နှင့် အထက်၊ ဆိုင်ကယ်ဆိုလာ၊ မြက်ဖြတ်စက်၊ ရေစုပ်စက်၊ စကိုင်းနက်၊ ပိုင်ဆိုင်မှုများကို သဘောတူသတ်မှတ်ခဲ့ကြပြီး အဆင့် (ခ)အတွက် ပျဉ်ထောင်ပျဉ်ခင်းအိမ်၊ လယ်၃ ဧက အထက်၊ နွား၂ ကောင်မှ ၄ကောင်၊ ဆိုင်ကယ်၊ ဆိုလာ၊ ထွန်စက်အသေး၊ အစရှိသည်တို့ကို သဘောတူ သတ်မှတ်ခဲ့ကြပြီး အဆင့်(ဂ)အတွက် လယ်၃ ဧက အထက်၊ သစ်သားသွပ်မိုးအိမ် နွား၂ကောင်မှ ၆ကောင်၊ ဆိုင်ကယ်၊ လယ်ထွန်စက်အသေး ရှိသူများကို သတ်မှတ်ခဲ့ကြပြီး အဆင့်(ဃ) အတွက် သစ်အိမ် သက်ကယ်မိုး၊ လယ်၂ဧကမှ ၄ဧက နွား၂ကောင် ၊ ဆိုင်ကယ် ပိုင်ဆိုင်မှုများကို အနွမ်းပါးဆုံးဟု သတ်မှတ်ခဲ့ကြသည်။ ကျေးရွာ၏ ပစ္စည်း ဥစ္စာ ပိုင်ဆိုင်မှု ၊ ဇယားရှိ (%)များကို ကြည့်ခြင်းအားဖြင့် ကျေးရွာလူထုအားလုံးသည် ဆိုးရွားစွာ နွမ်းပါးကြသူများမဟုတ်ပဲ အတန်အသင့် ပြေလည်ကြသူများဖြစ်ကြောင်း သုံးသပ်မိပါသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA TOOL များနှင့်တစ်ခုချင်းစီအတွက် သုံးသပ်ချက်

(၈)<u>ရာသီခွင်ပြက္ခဒိန်နှင့် သုံးသပ်ချက်။</u>



ရာသီခွင်ပြက္ခဒိန်

**ရာသီခွင်ပြဇယားမှဆန်းစစ်မှုရလဒ် (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)**

ရာသီဥတု

- တပေါင်း၊ တန်းခူး၊ ကဆုန်လများတွင် ပူပြင်းခြောက်သွေ့ပြီး နယုန်၊ ဝါဆို၊ ဝါခေါင်၊ တော်သလင်း၊ သီတင်းကျွတ်လများတွင် မိုးရွာသွင်းမှု များပြားပြီး တန်းဆောင်းမုန်းလတွင် မိုးအနည်းငယ်ရွာသွန်းဖြိုးမှု ရှိပါသည်။ နတော်၊ ပြာသို၊ တပို့တွဲ လများတွင် ဆီးနှင်းများ ကျရောက်လာသကဲ့သို့ ရာသီဥတုပူပြင်းမှုလည်းရှိခဲ့ပါသည်။

**အလုပ်အကိုင်ဝင်ငွေ**

- တန်ခူး၊ ကဆုန်လများတွင် တောင်ယာခုတ် ၊ ကျွန်းခွေ၊ လုပ်ငန်းများသာ လုပ်ကိုင်နိုင်ကြ၍ ဝင်ငွေ နည်းပါး ပါသည်။ နယုန်လတွင် မိမိကိုယ်ပိုင်လုပ်ငန်းဖြစ်သော လယ်ယာလုပ်ငန်း၏ ပျိုးကြဲခြင်း၊ ပဲစိုက်ခြင်းများ လုပ်ကိုင်ပြီး ထွက်ငွေ များပြားမှု ရှိသည့် လများ ဖြစ်ပါသည်။ ဝါဆို၊ တော်သလင်းလများတွင် ကောက်စိုက်ပဲနုတ်လုပ်ငန်းများ လုပ်ကိုင်ရသောကြောင့် ဝင်ငွေ အတန်အသင့် ရကြပါသည်။ ဝါခေါင်၊ တပေါင်းလများတွင် လယ်ယာလုပ်ငန်းပေါင်းနုတ်ခြင်း ၊ မတ်ပဲနုတ်ခြင်းများ၊ လုပ်ကိုင်ရသောကြောင့် လက်ဖျားငွေသီးသော လများဟု ဆိုရပါသည်။ သီတင်းကျွတ်၊ တန်ဆောင်းမုန်း၊ နတ်တော်၊ ပြာသို တပို့တွဲ လများတွင် အလုပ်နည်းပါးမှု မှုကြောင့် ဝင်ငွေ အသင့်အတင့်သာရရှိပါသည်။

**ပွဲတော်**

- တန်းခူးလတွင် သင်္ကြန်ပွဲတော် ၊ ကဆုန်လတွင် ညောင်ရေသွင်းပွဲတော် ၊ ဝါဆိုလတွင် ဝါဆိုသင်္ကန်းကပ်ပွဲတော် ၊ သီတင်းကျွတ်လတွင် မီးထွန်းပွဲ တော် တန်းဆောင်းမုန်းလတွင် ကထိန်ပွဲတော် ၊ တပေါင်းလတွင် ရွာဦးစေတီ ဘုရားပွဲတော် ၊များ ကျင်းပပြုလုပ်ကြပါသည်။

ရေကြီးရေလျှံ


- ဝါဆို၊ ဝါခေါင်လများတွင် ရေကြီး ရေလျှံမှု များရှိပါသည်။

ရွှေ့ပြောင်းလုပ်သား

- ကဆုန်၊ နယုန်၊ တော်သလင်း၊ ပြာသို၊ တပေါင်းလများတွင် ရွှေ့ပြောင်းလုပ်သား အနည်းငယ်ရှိပြီး တန်းခူး၊ ဝါခေါင် ၊ တန်ဆောင်းမုန်း၊ နတ်တော်လများတွင် ရွှေ့ပြောင်းလုပ်သား ပိုများပြားလာပါသည်။ အများဆုံးမှာ သီတင်းကျွတ်လ ဖြစ်ပါသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA TOOL များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်

(ဃ) <u>ပင့်ကူအိမ်ကွန်ယက်နှင့် သုံးသပ်ချက်</u>





ပင့်ကူအိမ်ကွန်ယက်

## ပင့်ကူအိမ်သုံးသပ်ခြင်း၊ ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း

- အမျိုးသမီးများ၏ လက်ရှိအနေအထားမှာအလုပ်အကိုင်၊ ဝင်ငွေရှာဖွေနိုင်မှု၊ အုပ်ချုပ်မှု၊ လုံခြုံမှုနှင့်အဖွဲ့အစည်းပူးပေါင်းပါဝင်မှုတို့ အားနည်းသည်ကိုတွေ့ရသည်။
- အမျိုးသားများ၏အလုပ်အကိုင်၊ ဝင်ငွေရှာဖွေနိုင်မှု၊ လုံခြုံမှုတို့တွင် အားကောင်းပြီး အမျိုးသမီးများအနေဖြင့် အားနည်းနေသည်ကိုတွေ့ရသည်။ အမျိုးသမီးများမှာ အိမ်တွင်းမှုတွင်သာရာနှုန်းပြည့်နီးပါးဖြစ်နေပါသည်။
- အမျိုးသမီးများသည် အိမ်တွင်းမှုတွင် အချိန်ကုန်နေရပြီးလုံခြုံမှုနည်းပါးခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းနည်းပါးခြင်း၊ ဝင်ငွေရှာဖွေနိုင်မှု နည်းပါးခြင်း။
- ကျေးရွာတွင် အမျိုးသမီးသီးသန့် အသိပညာပေးဆွေးနွေးပွဲများ၊ လုပ်ပိုင်ခွင့်၊ ဆုံးဖြတ်ချက် ချပိုင်ခွင့်နှင့် လုပ်အားခများတန်းတူပေးခြင်းဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမျိုးသမီးများအားလက်တွဲခေါ်ခြင်းဖြင့် ကူညီနိုင်သည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA TOOL များနှင့်တစ်ခုချင်းစီအတွက် သုံးသပ်ချက်

(င) အရင်းအမြစ်များအပေါ် အသုံးပြုမှု၊ ပိုင်ဆိုင်မှုနှင့်ထိန်းချုပ်မှုအပေါ် သုံးသပ်ချက်




အရင်းအမြစ်များအပေါ် အသုံးပြုမှု/ထိန်းချုပ်မှု

**ပိုင်ဆိုင်မှု (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)**

- အမျိုးသမီးများပါဝင်ဆွေးနွေးခြင်း၊ ဆုံးဖြတ်ချက်ချခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့တွင် ပစ္စည်းများအားအမျိုးသားများနှင့်တန်းတူပိုင်ဆိုင်နိုင်။
- အချုပ်စက်၊ မီးပူ ကဲ့သို့သော အရင်းအမြစ်များကို အမျိုးသမီးများက အသုံးပြုကြသည်။
- ဆိုင်ကယ်၊ သစ်တော၊ ချောင်း၊ ရေလှောင်ကန်၊ လမ်း၊ လယ်၊ ကိုင်း၊ ရေတွင်း၊ စသည်တို့ကဲ့သို့သော အရင်းအမြစ်များကို အမျိုးသားနှင့်အမျိုးသမီး နှစ်ဦးစလုံး အသုံးပြုကြသည်။
- အမျိုးသားနှင့်အမျိုးသမီး နှစ်ဦးစလုံးအသုံးပြုသော အရင်းအမြစ်များမှာ အလွန်များပြားသည်။ သို့သော် ထိုအရင်း အမြစ်များကို ထိန်းချုပ်ခြင်း၊ ဆုံးဖြတ်ချက်ချခြင်းတို့တွင်မူ အများအားဖြင့် အမျိုးသားများကသာ ထိန်းချုပ်ထားကြ သည်။
- အမျိုးသမီးများအနေဖြင့် ၎င်းတို့ကိုယ်တိုင် ထိန်းချုပ်ရသော( သို့ ) ဆုံးဖြတ်ချက်ချရသော အရင်းမြစ်များမှာ အလွန် နည်းပါးသည်။
- အရင်းအမြစ်များအား ထိန်းချုပ်ခြင်း၊ ဆုံးဖြတ်ခြင်းတို့တွင် အမျိုးသမီးများသည်လည်း အမျိုးသားများနှင့် တန်းတူပြုလုပ်နိုင်ကြောင်း၊ တန်းတူပိုင်ဆိုင်ခွင့်ရှိကြောင်း၊ ဆွေးနွေးခြင်းဖြင့် အမျိုးသားနှင့်အမျိုးသမီး တန်းတူညီမျှမှု ရှိ ပေလိမ့်မည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA TOOL များနှင့်တစ်ခုချင်းစီအတွက် သုံးသပ်ချက်

(စ) အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံနှင့်သုံးသပ်ချက်

အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ



## အဖွဲ့အစည်းချိတ်ဆက်ပြပုံ (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)

ကျေးရွာတွင် အုပ်ချုပ်ရေးအဖွဲ့သည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကဦးဆောင် သည်။ ကျေးရွာအုပ်ချုပ်ရေး အဖွဲ့တွင် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများနှင့် ကျေးရွာရပ်မိရပ်ဖ များလည်း ပါဝင်ကြသည်။အမျိုးသားများသာ ပါဝင်ဖွဲ့စည်း ထားသည်။


လူငယ်ပရဟိတအဖွဲ့သည် ကျေးရွာ၏သာရေးနာရေးများနှင့် လူမှုရေးလုပ်ငန်းများကို အုပ်ချုပ်ရေးအဖွဲ့နှင့်ချိတ်ဆက် ဆောင်ရွက်သည်။လူငယ်ပရဟိတအဖွဲ့တွင် အမျိုးသမီး များလည်း ပါဝင်ကြသည်။ ၎င်းတို့သည် ကျေးရွာသာရေး၊ နာရေးများ၌ ချက်ရေးပြုတ်ရေးနှင့် ကျွေးမွေးဧည့်ခံရေးတို့တွင် အမျိုးသားများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ကြ သည်။

လူထုဗဟိုပြု နှင့် မီးသတ်အဖွဲ့ စသည်တို့သည်လည်း အုပ်ချုပ်ရေးအဖွဲ့နှင့်ချိတ်ဆက်၍ ကျေးရွာ၏ဖွံ့ဖြိုးရေး ကို ဆောင်ရွက်ကြသည်။

ကျေးရွာရှိ အုပ်ချုပ်ရေးအဖွဲ့သည် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့နှင့် ချိတ်ဆက်နေသကဲ့သို့ လူထုဗဟိုပြုစီမံကိန်း အထောက်အကူပြုအဖွဲ့ နှင့် မီးသတ်အဖွဲ့ စသည်တို့သည်လည်း သက်ဆိုင်ရာမြို့နယ်အဖွဲ့အစည်းများနှင့် အသီးသီး ချိတ်ဆက်၍ ကျေးရွာဖွံ့ဖြိုးရေးကို ဆောင်ရွက်ကြသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA TOOL များနှင့်တစ်ခုချင်းစီအတွက် သုံးသပ်ချက်

(ဆ)အမျိုးသမီး၊ အမျိုးသားအုပ်စုများ၏ အခက်အခဲ ပြဿနာများကိုသုံးသပ်ချက်။




အခက်အခဲ ပြဿနာများ

## အခက်အခဲပြဿနာများ(ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက်)

**အမျိုးသားများမှ တင်ပြသောအခက်အခဲ/ပြဿနာများ**

ချောင်းကမ်းပါပြိုခြင်း၊ ရွာဝင်တာကျင်းမြောင်းခြင်း၊ မြို့နှင့်ဝေးခြင်း၊ ဘောလုံးကွင်းမရှိခြင်း၊ ရွာဝင်လမ်းမကောင်းခြင်း များကို ဆွေးနွေးထားပါသည်။

**အမျိုးသမီးများမှ တင်ပြသောအခက်အခဲ/ပြဿနာများ**


ရွာအဝင်လမ်းအဆင်း မကောင်းခြင်း၊ တောင်ပေါ်လမ်း ရေအခက်အခဲရှိခြင်း၊ လျှပ်စစ်မီး မရရှိခြင်း၊ ဆေးပေးခန်းမရှိခြင်း၊ အလုပ်အကိုင်ရှားပါးခြင်း များကို ဆွေးနွေးထားပါသည်။

ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး ဘက်ပေါင်းစုံမှ သုံးသပ်ထားကြသည်။ အမျိုးသားများ အဆိုပြုသောအခက်အခဲများနှင့် အမျိုးသမီးများအဆိုပြုသောအခက်အခဲများ အများအားဖြင့်တူညီ နေကြသည်။ အမျိုးသမီးများသည် ၎င်းတို့ကျေးရွာ၏အခက်အခဲများကို အမျိုးသားများထက် များစွာဖော်ထုတ်ခဲ့ကြသည်။

အမျိုးသားများသည် ရုပ်ဝတ္ထုပိုင်းကိုသာ အဓိကထားကြသည်။ အမျိုးသမီးများကမူ အခြား အခြားသော ၎င်းတို့ကျေး ရွာအတွက် အခြေခံကြသော အခက်အခဲများကို ဖော်ထုတ်နိုင်ခဲ့ကြသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA TOOL များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်

(ဇ)ကျေးရွာမျှော်မှန်းချက် နှင့်သုံးသပ်ချက်။




ကျေးရွာမျှော်မှန်းချက်များ

## ကျေးရွာမျှော်မှန်းချက်များ( ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက် )

အမျိုးသားများအနေဖြင့် ၄င်းတို့ကျေးရွာဖွံ့ဖြိုးရေးအတွက် လျှပ်စစ်မီးလင်းရန် မျှော်မှန်းထားကြသည်။ ထို့အပြင်၄င်းတို့သည် ချောင်းရေကာနံရံ၊ ဘောလုံးကွင်း၊ ရွာဝင်လမ်း ကျယ်၍ အဆင်းကောင်းရန် စသည် ဖြင့် မျှော်မှန်းချက်များ ရှိကြ သည်။


အမျိုးသမီးများသည်လည်း အမျိုးသားများနည်းတူ လျှပ်စစ်မီးလင်းရန်၊ သောက်သုံးရေ ဖူလုံရန် ၊ ဆေးပေးခန်းရှိရန်၊ အလုပ်အကိုင်ပေါ်များရန်၊ ရွာအဝင်လမ်း အဆင်းကောင်းရန် မျှော်မှန်း ထားကြသည်။

အမျိုးသမီးများသည် အမျိုးသားများနှင့် မတူညီသောမျှော်မှန်းချက်များရှိကြသည်။ အိမ်တွင်း မှုကိစ္စများကို အများအားဖြင့် အမျိုးသမီးများကသာ လုပ်ဆောင်ကြရသည့်အတွက် အမျိုးသားများနှင့် မတူညီသော အိမ်တွင်းမှုနှင့်ဆက်စပ်သော မျှော်မှန်းချက်အချို့ကို အမျိုး သမီးများက မျှော်မှန်းထား ကြသည်။

အမျိုးသမီးများသည် ၄င်းတို့ကျေးရွာတွင် စုံလင်စွာရရှိနိုင်သောဈေးတန်းရှိလျှင် ဈေးရောင်း ခြင်းဖြင့် အမျိုးသမီးများ လည်း ဝင်ငွေရရှိနိုင်မည်။ မြို့ပေါ်သို့ဈေးဝယ်သွားရန် အချိန်မကုန်တော့သဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ၄င်းတို့ အမျိုးသမီးများလည်း ပါဝင်လုပ် ဆောင်နိုင်မည်။ စသည့်တို့ကြောင့် ၄င်းတို့ကျေးရွာဖွံ့ဖြိုးရေးအတွက် ရွာတွင်စုံလင်စွာ ရရှိနိုင် သော ဈေးတန်းလေးရှိရန် မျှော်မှန်းထား ကြခြင်း ဖြစ်ပေလိမ့်မည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA TOOL များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်

<u>(၈)ကျေးရွာဦးစားပေးလုပ်ငန်းများအဆင့် သတ်မှတ်ချက်။</u>




ကျေးရွာဦးစားပေးလုပ်ငန်းပြပုံ

## ဦးစားပေးလုပ်ငန်းများ အဆင့်သတ်မှတ်ချက်( ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက် )

ကြပ်ကလေးအုပ်စု၊ အလယ်ရွာ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးအဆင့် သတ်မှတ် ရာတွင် မဲပေးခြင်းစနစ်ဖြင့် ရွေးချယ်ခဲ့ကြပါသည်။ထိုသို့ မဲပေးရွေးချယ်ရာတွင် မဲအများဆုံးဖြစ်သော ရွာအဝင်လမ်းအဆင်း ကွန်ကရစ်ခင်းခြင်းအား ဦးစာပေး(၁)အဖြစ် လည်းကောင်း၊ ဒုတိယမဲအများဆုံး အစည်းအဝေးခန်းမ လုပ်ငန်းအား ဦးစားပေး(၂)အဖြစ်လည်းကောင်း၊ တတိယမဲအများဆုံး လျှပ်စစ်မီး လုပ်ငန်းအား ဦးစားပေး(၃) အဖြစ်လည်းကောင်း၊ ရွေးချယ်ခဲ့ကြပါသည်။ ထို့အပြင် အထက်တန်းကျောင်း လုပ်ငန်းအား ဦးစားပေး(၄) အဖြစ်လည်းကောင်း မဲစဉ်အလိုက် အသီးသီးရွေးချယ်ခဲ့ကြပါသည်။

အဓိကဦးစားပေးလုပ်ငန်းမှာ ရွာအဝင်လမ်းအဆင်းကွန်ကရစ်ခင်းခြင်း လုပ်ငန်း ဖြစ်သည်။ လမ်းများ ကောင်းမွန်ပါက ကျေးရွာလူထုအားလုံး သွားလာရေးအဆင်ပြေနိုင်မည်။ ကျောင်းသားများလည်း အဆင်ပြေနိုင်မည်။ သီးနှံများရောင်းဝယ်ဖောက်ကားရာတွင် အဆင်ပြေချောမွေ့နိုင်သဖြင့် စီးပွားရေအဆင်ပြေ၍ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုလုပ်ဆောင်နိုင် ပေလိမ့်မည်။

လူမှုဆန်းစစ်ခြင်းများအား ကျေးရွာလူထုကိုယ်တိုင်မှ ပူးပေါင်းပါဝင်ရေးဆွဲနေပုံ





## ကျေးရွာစီမံကိန်းအထောက်အကူပြု ကော်မတီဝင်များစာရင်း

| စဉ် | တာဝန် | ရာထူး | အမည် | ဖုန်းနံပါတ် |
|---|---|---|---|---|
| ၁။ | ကျေးရွာစီ/ထောက် ကော်မတီ | ဥက္ကဋ္ဌ | ဦးကျော်တင် | |
| | | ဥက္ကဋ္ဌ | ဒေါ်အေးအေးမြင့် | ၀၉-၇၉၁၇၆၉၈၅၂ |
| ၂။ | ဝယ်ယူရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဦးဝင်းတင် | ၀၉-၇၉၂၄၄၂၁၃ |
| | | အဖွဲ့ဝင် | ဦးကျော်စိုး | ၀၉-၇၉၄၃၆၃၉၀၉ |
| | | အဖွဲ့ဝင် | ဒေါ်နုနုဝေ | ၀၉-၇၉၈၀၃၈၃၃၉ |
| ၃။ | စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဦးသန်းဦး | ၀၉-၄၄၅၀၉၂၈၆၈ |
| | | အဖွဲ့ဝင် | ဒေါ်လုံးကြည် | ၀၉-၇၉၆၉၉၂၁၇၆ |
| | | အဖွဲ့ဝင် | ဦးသိန်းဇော်ဦး | |
| ၄။ | လည်ပတ်/ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဒေါ်အေးအေးသင်း | ၀၉-၂၅၀၃၁၇၁၃၀ |
| | | အဖွဲ့ဝင် | ဒေါ်ညြသန်း | |
| | | အဖွဲ့ဝင် | ဦးဇော်နိုင်ဦး | ၀၉-၄၅၉၆၅၉၂၈၈ |
| ၅။ | ကျေးရွာငွေစာရင်းကိုင် | စာရင်းကိုင် | ဒေါ်မော်မော်ဆွေ | ၀၉-၇၉၂၈၀၅၀၆၅ |
| ၆။ | ဝေဖန်အကြံပြုတိုင်ကြား ဖြေရှင်းရေး | အဖွဲ့ဝင် | ဒေါ်စန်းအေး | ၀၉-၇၉၆၉၉၅၀၃၉ |
| | | အဖွဲ့ဝင် | ဦးဝင်နိုင် | |
| ၇။ | ကျေးရွာစေတနာ့ဝန်ထမ်း | အဖွဲ့ဝင် | ဦးကျော်ကျော်နိုင် | ၀၉-၄၅၁၄၅၂၃၇၉ |
| | | အဖွဲ့ဝင် | ဒေါ်မိုးမိုးခိုင် | ၀၉-၂၅၀၄၃၁၀၀၆ |

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

*လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် ဦးကျော်သူဝင်း | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | | လူထုစည်းရုံးရေးမှူး၏ အမည် ဦးကျော်မျိုးဝင်း |
|---|---|---|---|
| ပြည်နယ်၊တိုင်းဒေသကြီး ကရင် မြို့နယ် ဖာပွန် | | ကျေးရွာအုပ်စု ကြို့ပင်ရွာ | ကျေးရွာ ကိုင်းသာ |

### က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) မြန်မာ | ၁၈၈ | ဘာသာ (၁) ဗုဒ္ဓဘာသာ | ၁၈၈ |
| လူမျိုးစု (၂) ရခိုင် | ၃ | ဘာသာ (၂) ဗုဒ္ဓဘာသာ | ၃ |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရေ ------------ | | ဘာသာရေ ------------ | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၂ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၃၅ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၃၁၃ | ၃၄၁ |
| လူမျိုးစု (၁)-မြန်မာ--- | ၃၀၈ | ၃၃၈ |
| လူမျိုးစု (၂)-ရခိုင်--- | ၅ | ၄ |
| လူမျိုးစု (၃)---------- | | |
| အိမ်ထောင်ဦးစီး | ~~[illegible]~~ ၁၆၆ | ၂၅ |

### (ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| | အခြား | ☐ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | | အခြား | ☐ |
| *မှတ်ချက်* | | | *မှတ်ချက်* | | | *မှတ်ချက်* | | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☑ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☑ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| *မှတ်ချက်* | | | *မှတ်ချက်* | | | *မှတ်ချက်* | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း ကတ္တရာလမ်း ကွန်ကရစ်လမ်း မော်တော်ဆိုင်ကယ်လမ်း
ကျောက်ခင်းလမ်း ✓ မြေသားလမ်း လူသွားလမ်း အခြား ________

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/မရှိပါ ✓/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်၃.၅--/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်--၂၀ မိနစ်---- ထော်လာဂျီ/မော်တော်ဆိုင်ကယ် ✓/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား ------------------

မိုးရာသီတွင်ကြာချိန်-----၃၀------------------ ထော်လာဂျီ/မော်တော်ဆိုင်ကယ် ✓/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ -[illegible]----------------

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) လူငယ်အဖွဲ့

(၂) [illegible]

ကျေးရွာခေါင်းဆောင်

အမည် ဦးကျော်သူဝင်း

လက်မှတ်    နေ့စွဲ 30.12.2016

လူထုစည်းရုံးရေးမှူး

အမည် ဦးကျော်ငြိမ်းဝင်း

လက်မှတ်    နေ့စွဲ 30.12.2016

## ပုံစံ - ၀ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်။* သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးကျော်မိုးဝင်း | | | |
| နေ့စွဲ ၃၀.၁၂.၁၆ | | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း မကွေး | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ကြို့ပင်ရင်း | ကျေးရွာ ကိုင်းသာ |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၃၀-၁၂-၁၆ | ၃၀-၁၂-၁၆ | ၂၇ | ၃၆ | ၆၃ | မြမာ-၆၁ ၊ ရခိုင်-၂ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၆-၁-၁၇ | ၆-၁-၁၇ | ၅၇ | ၇၈ | ၁၃၅ | မြမာ-၁၃၃ ၊ ရခိုင်-၂ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၂၃-၁-၁၇ | ၂၃-၁-၁၇ | ၁၅ | ၁၄ | ၂၉ | ရခိုင်-၁ ၊ ချင်း-၁ ၊ မြမာ-၂၇ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | ၁၄-၂-၁၇ | ၁၆-၂-၁၇ | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | ၁၇-၂-၂၀၁၇ | ၁၇-၂-၂၀၁၇ | ၁၅ | ၁၇ | ၃၂ | မြမာ-၃၁ ၊ ရခိုင်-၁ |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၃-၃-၂၀၁၇ | ၃-၃-၂၀၁၇ | ၁၅ | ၁၇ | ၃၂ | မြမာ-၃၁ ရခိုင်-၁ |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | ၃-၃-၂၀၁၇ | ၃-၃-၂၀၁၇ | ၁၅ | ၁၇ | ၃၂ | မြမာ-၃၁ ၊ ရခိုင်-၁ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | ၃.၃.၂၀၁၇ | ၃.၃.၂၀၁၇ | ၃၅ | ၁၇ | ၃၂ | မဟာ.၃၁ | ၇ဦး-၁ |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | ၃.၃.၂၀၁၇ | ၃.၃.၂၀၁၇ | 〃 | 〃 | 〃 | 〃 | 〃 |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | ၃.၃.၂၀၁၇ | ၃.၃.၂၀၁၇ | 〃 | 〃 | 〃 | 〃 | 〃 |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | ၂၆.၅.၁၇ | ၂၆.၅.၁၇ | ၆၁ | ၆၃ | ၁၂၄ | မဟာ.၁၂ | ၇ဦး.၂ |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | 〃 | 〃 | 〃 | 〃 | 〃 | 〃 | 〃 |

# ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| လမ်းညွှန်ချက်၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးကျော်မိုးဝင်း |
| နေ့စွဲ ၆-၁-၂၀၁၈    စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ဧရာဝတီ    ကြံခင်း မြို့နယ်    ကျေးရွာအုပ်စု မြို့ဟင်ရ    ကျေးရွာ ကိုင်းသာ |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | ချောင်းကမ်းပါးပြိုခြင်း | ၁ | သောက်ရေ ရှားပါးခြင်း |
| ၂ | ရွာဝင်တံတား ကျိုးပြတ်နေခြင်း | ၂ | လျှပ်စစ်မီးမရှိခြင်း |
| ၃ | မြို့နှင့်ဝေးခြင်း | ၃ | ဆေးခန်းမရှိခြင်း |
| ၄ | ဘောလုံးကွင်းမရှိခြင်း | ၄ | ကလေးစာကြည့်တိုက် ရှားပါးခြင်း |
| ၅ | ရွာဝင်လမ်းအဆင်းမကောင်းခြင်း | ၅ | ရွာဝင်တာ အဆင်းမကောင်းခြင်း |
| ၆ | | ၆ | |
| ၇ | | ၇ | |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျှာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | လျှပ်စစ်မီးရရှိရန် | ၁ | လျှပ်စစ်မီးရရှိရန် |
| ၂ | တံတားရှိရန် | ၂ | သောက်သုံးရေ ရလုံလောက်ရန် |
| ၃ | ဘောလုံးကွင်းရှိရန် | ၃ | ဆေးခန်းရှိရန် |
| ၄ | ရွာဝင်လမ်းကျယ်ဝန်း အဆင်းကောင်းရန် | ၄ | ကလေးစာကြည့်တိုက် ပေါ်များရမည် |
| ၅ | | ၅ | ရွာဝင်လမ်း အဆင်းကောင်းရမည် |
| ၆ | | ၆ | |
| ၇ | | ၇ | |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ရေဝင်ရေဆင်း ကွန်ကရစ်မြောင်း | အမျိုးသား+အမျိုးသမီး | ၅၀ သိန်း | ၆၅၄ |
| ၂ | အစည်းအဝေးခန်းမ | " | [illegible] ဆောင်း ၈၀ သိန်း | ၆၅၄ |
| ၃ | | | | |
| ၄ | | | | |
| ၅ | | | | |
| ၆ | | | | |
| ၇ | | | | |
| ၈ | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | လျှပ်စစ်မီး | အမျိုးသား+အမျိုးသမီး | |
| ၂ | အလယ်တန်းကျောင်း! | " | |
| ၃ | ~~အစည်းအဝေးခန်းမ~~ | " | |
| ၄ | | | |
| ၅ | | | |

ဥက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ---[illegible]--- လက်မှတ် ---[signature]--- နေ့စွဲ---

လူထုဗဟိုပြုပီစီမံကိန်းဝန်းစီမံကိန်းဝန်းလက်ကြွ

အပိုင်း-၃ ၊၉.၉.၂၀၁၅

**ပုံစံPC-၄ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ**

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ ။ကျေးရွာအုပ်စုစီမံချက်ရေးဆွဲသည့်အစည်းအဝေးတွင် ဤပုံစံအားလူထုစည်းရုံးရေးမှူး / လက်ထောက်နည်းပညာမှူးတို့၏ အကူအညီဖြင့်ဖြည့်စွက်ဖြည့်သွင်းရမည်။ဤပုံစံအားဖြည့်စွက်ဖြည့်သွင်းပြီးပါကကျေးရွာအုပ်စုပြီး[illegible]တက်ရေးစီမံချက်တွင်နောက်ဆက်တွဲအဖြစ်တွဲထားရမည်။ CF မှ အချက်အလက်များကို MIS သို့ ထည့်သွင်းရမည်။ | | | |
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဦး[illegible] | | | |
| နေ့စွဲ ၂၃.၁.၂၀၁၅ | | စီမံကိန်းအားအကောင်အထည်ဖော်မည့်နှစ် ☑စက်ဝန်း(၁) □စက်ဝန်း(၂) □စက်ဝန်း(၃) □စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း ကချင် | မြို့နယ် ကြော်[illegible] | ကျေးရွာအုပ်စု ကြို့ပင်စု | |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်းတိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အသိုင်းတွင်ပြသ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ပေါ်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| ကံရွာ (နောက်ဆုံး) | ၁ ကျောက်ကရစ်လမ်း<br>၂ ဦး[illegible]နှင့်<br>၃ တာလည်း[illegible] ချောင်း[illegible] | ၇၀၀'x၁၀'x၀'-၈"<br>၁၀'x၁၀'x၆'-၆"<br>၁၀၅၀'x၈'x၀'-၆" | ၅၄၈ | □အမျိုးသား<br>□အမျိုးသမီး<br>☑အမျိုးသားနှင့်အမျိုးသမီး | ၁၂၁ သိန်း | | - | | ၁၂၁ သိန်း |
| ကြို့ပင်စု | - တာလည်းပေါင် ချောင်းကျောက်ခင်းခြင်း | ၆၀၀'x၁၂'x၀'-၉" | ၁၄၀၁ | □အမျိုးသား<br>□အမျိုးသမီး<br>☑အမျိုးသားနှင့်အမျိုးသမီး | ၅၆ သိန်း | | - | | ၅၆ သိန်း |
| ကိုင်းသာ | - ကျောက်ကရစ်လမ်း | ၄၀၀'x၁၀'x၀'-၆" | ၆၅၄ | □အမျိုးသား<br>□အမျိုးသမီး<br>☑အမျိုးသားနှင့်အမျိုးသမီး | ၅၅ သိန်း | | - | | ၅၅ သိန်း |

လူထုဗဟိုပြုစီမံကိန်းစီမံကိန်းလက်ကွဲ

အပိုင်း-၃ ၁၉.၉.၂၀၁၅

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ကျောက်ပါးစပ် | ① ကွန်ကရစ်လမ်း<br>② ကိုးပေါက်<br>③ တာလုံးဖော | ၂၄၀'×၇'×၀'-၆"<br>၁၄'×၁၀'×၅'-၀"<br>၁၅၀၀×၈'×၄'-၆" | ၄၄၃ | ☐အမျိုးသား<br>☐အမျိုးသမီး<br>☐အမျိုးသားနှင့်အမျိုးသမီး | ၆၈ သိန်း | | | | ၆၈ သိန်း |
| | ချောင်းကျောက်ခင်းခြင်း | | | ☐အမျိုးသား<br>☐အမျိုးသမီး<br>☐အမျိုးသားနှင့်အမျိုးသမီး | | | | | |
| လယ်ကျေ | ① တံတား<br>② ကိုးပေါက် | ၂၀'×၁၀'×၉'<br>၁၅'×၁၀'×၇'-၀" | ၆၈ | ☐အမျိုးသား<br>☐အမျိုးသမီး<br>☐အမျိုးသားနှင့်အမျိုးသမီး | ၁၃၀ သိန်း | | | | ၁၃၀ သိန်း |
| | ③ ဆက်သွယ်ရေး လမ်းချော်ကျောက်ခင်းခြင်း | ၄၀၀၀'×၁၀'×၄'-၆" | | ☐အမျိုးသား<br>☐အမျိုးသမီး<br>☐အမျိုးသားနှင့်အမျိုးသမီး | | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် ဦးသန်းစိုး ၊ ဒေါ်ခင်ရွှေစင်

လက်မှတ် [signature] ရက်စွဲ ၂၃.၁.၂၀၁၇

ဒေါ်ခင်ရွှေစင် ဦးသန်းစိုး

# အစည်းအဝေးမှတ်တမ်း

**လူထုဖဟိုပြုစီမံကိန်း**(ဒုတိယနှစ်စက်ဝန်း)

**ကျေးရွာအုပ်စု - ကြို့ပင်စု** **ပထမအကြိမ်ကျေးရွာအစည်းအဝေး**

**ကျေးရွာ - ကိုင်းသာကျေးရွာ ` ရက်စွဲ- ၃၀/၁၂/၂၀၁၆**

ကျောက်ပါးစပ်၏ ပထမအကြိမ်ကျေးရွာအစည်းအဝေးကို (30/12/2016)ရက်နေ့တွင် ရပ်မိရပ်ဖတစ်ဦး၏နေအိမ်၌ကျင်းပခဲ့ပါသည်။ အစည်းအဝေးကို နံနက်(၉)နာရီတွင် စတင်ခဲ့ပါသည်။ရပ်မိရပ်ဖတစ်ဦးမှ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ဆက်လက်၍ ဝန်ထမ်းများမှ မိတ်ဆက်၍ လူထုစည်းရုံးမှုးမှ စီမံကိန်းမိတ်ဆက်ခြင်းနှင့် စီမံကိန်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပါသည်။ဆက်လက်၍ အဓိကပါဝင်သူများ၏ တာဝန်ဝတ္တရားများကို ရှင်းလင်းပြောကြားခဲ့ပြီး ကျေးရွာစေတနာဝန်ထမ်း ကျား/မ (၂)ဦးကို ရွေးချယ်ခဲ့ပါသည်။ထို့နောက် ဆောင်ရန်/ရှောင်ရန်များကို ပြောကြားခဲ့ပြီး (၁၁း၄၅) နာရီတွင် နေ့လည်ထမင်းစားချိန် ခေတ္တရပ်နားခဲ့ပါသည်။

နေ့လည်(၁း၀၀)နာရီတွင် အစည်းအဝေးကို ပြန်လည်စတင်ခဲ့ပြီး ဖွဲ့စည်းရန်ကျန်ရှိနေသော ကော်မတီများကို ဆက်လက်ဖွဲ့စည်းခဲ့ပါသည်။(၂၀၁၆)ခုနှစ်တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ကော်မတီဝင်များလည်း ကျေးရွာလူထု၏ဆန္ဒ၊ မိမိတို့၏ဆန္ဒများဖြင့် ဆက်လက်တာဝန်ထမ်းဆောင်ခြင်း/မဆောင်ခြင်းကို ဆန္ဒပြုရွေးချယ်ခဲ့ကြပါသည်။ ထို့နောက်တွင် လူမှုနှင့်သဘာဝအရင်းအမြစ်ပြမြေပုံ၊ ဥစ္စာဓနအဆင့်သတ်မှတ်ခြင်း၊ အရင်းအမြစ် ပိုင်ဆိုင်/ထိန်းချုပ်မှု၊ ပင့်ကူအိမ်သုံးသပ်ခြင်း၊ အခက်အခဲများ၊ မျှော်မှန်းချက်များ စသည့် လူမှုဆန်းစစ်ခြင်းများကို ဆွေးနွေးသုံးသပ်ခဲ့ကြပါသည်။ထို့နောက်တွင် ပထမအကြိမ်ကျေးရွာအစည်းအဝေးအား ညနေ ၄ နာရီတွင်ရပ်နားခဲ့ပါသည်။

**လူထုစည်းရုံးရေးမှုး**

# အစည်းအဝေးမှတ်တမ်း

**လူထုဗဟိုပြုစီမံကိန်း**( ဒုတိယနှစ်စက်ဝန်း)

**ကျေးရွာအုပ်စု - ကြို့ပင်စု** **ဒုတိယအကြိမ်ကျေးရွာအစည်းအဝေး**

**ကျေးရွာ ကျောက်ပါးစပ်** **ရက်စွဲ - ၆/၁/၂၀၁၆**

ဒုတိယအကြိမ် ကျေးရွာအစည်းအဝေးကို (6/1/2016)ရက်နေ့တွင် ဆက်လက်ကျင်းပခဲ့ပါသည်။ အစည်းအဝေးကို နံနက်( ၉ )နာရီတွင်စတင်ခဲ့ပါသည်။ ပထမဆုံးအနေဖြင့် ပထမအစည်းအဝေးတွင် ကျန်ရှိနေသေးသော လူမှုဆန်းစစ်ခြင်း(PRA TOOL)များအား ဆက်လက်ဆွေးနွေးခဲ့ကြပါသည်။ဆက်လက်၍ ဆွေးနွေးထားသောလူမှုဆန်းစစ်ခြင်းများအား ပြန်လည်အနှစ်ချုပ်ခဲ့ကြပါသည်။ ထို့နောက် နံနက် (၁၁း၀၀)နာရီတွင် နေ့လည်စာစားချိန် အစည်းအဝေးကို ခေတ္တရပ်နားခဲ့ပါသည်။

နေ့လည်( ၁၂း၃၀ )နာရီတွင် အစည်းအဝေးကို ပြန်လည်စတင်ခဲ့ပါသည်။ နေ့လည်ခင်းအစည်းအဝေးတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို အမျိုးသားနှင့် အမျိုးသမီးတစ်ဖက်ဆီ ဖော်ထုတ်၍ သုံးသပ်ဆွေးနွေးခဲ့ကြပါသည်။ဆက်လက်၍ ကျေးရွာဖွံ့ဖြိုးရေးအတွက် ဦးစားပေးလုပ်ငန်းများကို ရွေးချယ်၍ ရွေးချယ်ထားသော လုပ်ငန်း( ၅) ခုအနက်မှ ဦးစားပေးသတ်မှတ်နိုင်ရန် လျို့ဝှက်မဲပေးစနစ်ဖြင့် ရွေးချယ်ခဲ့ကြပါသည်။ ထိုသို့မဲပေးရွေးချယ်ရာတွင် မဲအများဆုံးလုပ်ငန်းအား ဦးစားပေး(၁) အဖြစ်လည်းကောင်း၊ ဒုတိယမဲအများဆုံးလုပ်ငန်းအား ဦးစားပေး(၂) အဖြစ်လည်းကောင်း၊ တတိယမဲအများဆုံးလုပ်ငန်းအား ဦးစားပေး(၃)အဖြစ်လည်းကောင်း စသည်ဖြင့် ဦးစားပေးလုပ်ငန်းများအား မဲစဉ်အလိုက်အသီးသီး ရွေးချယ်ခဲ့ကြပါသည်။ထို့နောက် ကျေးရွာရပ်မိရပ်ဖတစ်ဦးမှ ကျေးဇူးတင်စကားပြောကြား၍ ဒုတိယအကြိမ်ကျေးရွာအစည်းအဝေးကို ညနေ (၃း၃၀)နာရီတွင် ပိတ်သိမ်းခဲ့ပါသည်။

အစည်းအဝေးပိတ်သိမ်းပြီးနောက်တွင် ကျေးရွာလူထုမှ ရွေးချယ်ထားခဲ့ကြသော ကျေးရွာစီ/ထောက်ကော်မတီဝင်များမှ ၎င်းတို့၏ကိုယ်ရေးအချက်အလက်များကို ၎င်းတို့ကိုယ်တိုင်ဖြည့်သွင်း၍ ဆောင်ရန်/ရှောင်ရန်များအား လက်မှတ်ရေးထိုးခဲ့ကြပါသည်။

**လူထုစည်းရုံးရေးမှူး**

## ၁၄။ ကဏ္ဍအလိုက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှထောက်ပံ့ပေးသူ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | ၁ | ရွာဝင်လမ်းအဆင်းကွန်ကရစ်ခင်းခြင်း | ကျား / မ | ၂၀၁၇ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၂ | အစည်းအဝေးခန်းမ | ကျား | ၂၀၁၇ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၃ | အစည်းဝေးခန်းမ | ကျား / မ | ၂၀၁၇ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၄ | အလယ်တန်းကျောင်း | ကျား | ၂၀၁၇ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | | | | | | |
| အသက်မွေးဝမ်းကျောင်း/ စီးပွားရေး | ၁ | စိုက်ပျိုးရေးသင်တန်းများ | မ | ၂၀၁၇ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၂ | စက်ချုပ်သင်တန်း | မ | ၂၀၁၇ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | | | | | | |
| | | | | | | |
| | | | | | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | ဆေးပေးခန်း | ကျား | ၂၀၁၇ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၂ | ဆေးဝါးထောက်ပံ့မှု | မ | ၂၀၁၇ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | | | | | | |
| | | | | | | |
| | | | | | | |
| ပညာရေး | ၁ | စာသင်ကျောင်း | ကျား | ၂၀၁၇ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| အခြား | ၁ | | | | | |
| | ၂ | | | | | |
| | ၃ | | | | | |